မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F___Volume 15/ Issue 12 /December/ 2022

## ဖွားမြင်တော်မူပြီ




မာဂုပညာရှိတို့သည် အရှေ့ပြည်၌ မြင်ရသောကြယ်သည် သူတို့ရှေ့က သွားသဖြင့်၊ သူငယ်တော် ရှိရာအရပ်ပေါ်သို့ ရောက်၍ တည်လျက်နေ၏။ ထိုကြယ်ကို မြင်ပြန်သောအခါ အလွန်ဝမ်းမြောက် ဝမ်းသာခြင်းရှိ၍၊ အိမ်သို့ဝင်လေသော်၊ – မယ်တော်မာရိနှင့်တကွ သူငယ်တော်ကိုတွေ့မြင်လျှင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ဘဏ္ဍာဥစ္စာတို့ကိုဖွင့်ပြီးမှ လောဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးကိုငင်း၊ ရွှေကိုငင်း ဆက်ကပ်ပူဇော်ကြ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂း၁၀–၁၁)

အကြောင်းမူကား၊ ငါတို့အဘို့သူငယ်ကို ဖွားမြင်၏။ ငါတို့အားသားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ ဒါဝိဒ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍၊ နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၉း၆–၇)

## December 2022

| Wk | Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|---|
| 48 | | | | | 1 | 2 | 3 |
| 49 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| 50 | 11 | 12 | 13 | 14 | 15 | 16 | 17 |
| 51 | 18 | 19 | 20 | 21 | 22 | 23 | 24 Christmas Eve |
| 52 | 25 Christmas Day | 26 Christmas Day Observed | 27 | 28 | 29 | 30 | 31 New Year's Eve |
| | | | | | | | |

## B.C.F. December Events

12- 04-2022… Holy Communion

12-11-2022 … Regular Worship Service

12-18-2022 … Regular Worship Service

12-25-2022 … Christmas Day Worship Service




**B.C.F Worship time**

Sunday Service … 2:00 PM

Children Sunday School … 2:15 PM

BCF Youth … 2:15 PM

**Prayer Meeting**

Every Saturday, 2:00 PM

**Bible Study**

Sunday 1:00-2:00 PM

**B.C.F Worship Place**

1337 Farmstead Ave. La Puente, CA 91745




## ***ALL HEALTHCARE WORKERS***




***We appreciate and thank you for
all your hard works
in the time of Corona Virus Pandemic.***




**In Christ,
BCF all members**

# အလင်းရောင်ပြန် _ သက်သေခံများ

သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးကို ခံရ၍
မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်။

✡

အပြစ်စီရင်ခြင်း အကြောင်းရင်းမှာ
မှသာ၏အဘ သွေးဆောင်သူက
ဤလောကတွင် ဝင်ရောက်လှည့်စား
လူသူအများ ကောင်းမှုမကျင့်
အလင်းထက်၌ မှောင်မိုက်ကိုသာ
ချစ်ခင်မြတ်နိုး နှစ်သက်လေပြီ ... ။



✡✡

ယေရှုရှင်သည် လောကီသားတွက်
အမှောင်ခွင်း၍ အလင်းသယ်ဆောင်
လောကီတွင်းသို့ သက်ဆင်းကြွလာ
မိုက်မဲသူများ အလင်းတွေ့မြင်
သေမင်းနိုင်ငံ အရိပ်အောက်မှာ
အလင်းပေါ်ထွန်း ဝမ်းမြောက်လေပြီ ... ။

✡✡✡

သခင့်နောက်တော် လိုက်သူများက
လောကအလင်း ဖြစ်ကြသောခါ
ဘုရားဘုန်းတော် ထင်ရှားစေဖို့
တောင်ပေါ်ချိုင့်ဝှမ်း လွှင်ပြင်မကျန်
အသက်အလင်း ရောင်ပြန်စေရန်
သက်သေခံသူ ဖြစ်ကြလေပြီ ... ။




✡✡✡✡

သခင်ဘုရား မိန့်မှာချက်နှင့်
ယုံကြည်သောသူ တပည့်တော်တိုင်း
လောကီနိုင်ငံ အရပ်ရပ်ထိ
အရောက်သွား၍ လူမျိုးအပေါင်း သိရှိစေဖို့
မဟာစေခိုင်း 'ဧဝံဂေလိ'တရားတော်ကို
ဟောပြောလေပြီ ... ။ ။

**သမ္မာတရား၏သက်သေ—** **သက်သေခံသူ – ယောဟန်**

# ဆုတောင်းခြင်း၏ စွမ်းအား

၂၀၂၂ ဧပြီလ ၂၁ ရက်နေ့နံနက်စောစော ကျွန်တော့်ဖုန်းမြည်လာသည်။ ကျွန်တော်ရဲ့ညီ မခံမရပ်နိုင်အောင် အလွန်ခေါင်းကိုက်နေတဲ့အတွက်ကြောင့် အရေးပေါ် Emergency သို့ ပို့ရမည် အကြောင်း ဖုန်းလာတော့ ကျွန်တော်ချက်ချင်းဘဲ လိုက်သွားသည်။ 911 ကို ခေါ်သင့်/မခေါ်သင့် ချီတုံချတုံနဲ့ စဥ်းစားနေချိန် ကျွန်တော့်ညီ အိပ်ရာကတောင်မထနိုင်အောင် အခြေအနေဆိုးနေ၍ 911 ကိုခေါ်ပြီး San Gabriel ဆေးရုံသို့ပို့လိုက်ရတယ်။ ဆရာဝန်က သေသေချာချာစစ်ဆေးပြီးမှ သူလေဖြတ်တယ်လို့ပြောတယ်။ သူ့ရဲ့သွေးဖိအား အလွန်မြင့်နေတယ်။ သူ့ခန္ဓာကိုယ် ဘယ်ဘက် တခြမ်း အလွန်အားနည်းနေတယ်။ ဆေးရုံမှာ ဆေးကုသမှု ယူရမယ်လို့ ပြောပါတယ်။ ကျွန်တော် လည်း သဘောတူစွာနဲ့ ကျွန်တော့်ညီကို ဆေးရုံမှာ ထားခဲ့ရပါတယ်။

COVID -19 ကူးစက်ရောဂါ ပျံ့ပွားနေချိန်ဖြစ်သောကြောင့် ဆေးရုံမှာ ကျွန်တော့်ညီကို သွားကြည့်ရင် တခါကိုတစ်ယောက်သာ ဝင်ကြည့်ခွင့်ပြုတယ်။ ကျွန်တော်၏မိသားစု၊ ကျွန်တော့် ညီအစ်ကို၏မိသားစုများ၊ အသင်းတော်မှ ဆရာ၊ ဆရာမများ နှင့် မိတ်ဆွေအပေါင်းအသင်းများက ဆုတောင်းခြင်း၊ သမ္မာကျမ်းစာဖတ်ခြင်း၊ အားပေးစကားပြောခြင်း နှင့် ခွန်အားပေး မိတ်သဟာယ ဖို့ရန် သွားလိုသူများက လူစုခွဲ၍ ဝင်တွေ့ကြရပါတယ်။

၅ ရက်ကြာပြီးနောက်၊ Convalescent ဆေးရုံကို ပို့ပြီး Occupational Therapy နဲ့ Physical Therapy ကုထုံးများနဲ့ဆက်လက်ကုသပေးပါတယ်။ ထိုနေရာရောက်သွားတော့ သူ့ကို ဝင်ကြည့်ဖို့ ပိုပြီးခက်ခဲသွားတယ်။ တနေ့ကိုတခါ တယောက်ဘဲ ဝင်ခွင့်ပြုတယ်။ သွားတွေ့တိုင်းမှာ appointment ယူရတယ်။ Phone ဆက်ပြီး appointment ယူတဲ့ အခါခါတိုင်း၊ Phone ထဲမှပြန် ပြောချက်မှာ ဘာတော်စပ်ပါသလဲလို့မေးတယ်။ ဆွေမျိုးမတော်စပ်တဲ့သူ ဆိုရင် လာခွင့်မပေးဘူး။ သွားတဲ့အခါတိုင်းမှာ Covid-19 ရှိ/မရှိ test လုပ်ရတယ်။ 15 မိနစ်လောက်စောင့်ပြီး၊ မရှိဘူးဆိုမှ ဝင်တွေ့ခွင့်ပြုတယ်။ N95 mask နဲ့ PPE ဝတ်ရုံကိုဝတ်ပြီးမှ ဝင်ကြည့်လို့ရတယ်။ အလွန်ခက်ခဲ သလို စာရင်းလည်းရှုပ်တယ်။

သို့ပေမဲ့လည်း၊ အဲဒီလိုအခက်အခဲများ အထပ်ထပ်အလွှာလွှာကြားမှ တရက်မှာအသင်း တော်မှ ဆရာ၊ ဆရာမများနှင့် အသင်းတော်မှ လူကြီးအချို့က အုပ်စုလိုက်စုပြီး ဆေးရုံမှာရှိနေတဲ့ ကျွန်တော့်ညီထံရောက်နေသောကျွန်တော့်ကို ဖုန်းဆက်ခေါ်ပြီး Conference Call လုပ်ကြတယ်။ Speaker ဖုန်းကတဆင့် ကျွန်တော့ညီကို ဧဝံဂေလိအားပေးစကား ပြောပြီး၊ ဆုတောင်းပေးကြပါ တယ်။ နောက်နေ့များမှာလည်း ကျွန်တော့်ညီအခန်းမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့မိသားစုဝင် များမှတဆင့် Speaker ဖုန်းဖြင့် အားပေးခြင်း၊ ဆုတောင်ခြင်းတို့ကို အလှည့်ကျပြုလုပ်ပေးပါတယ်။

၂၁ ရက်ကြာတဲ့အခါမှာ insurance က တာဝန်မယူနိုင်တော့ဘူး ဆိုပြီး နေအိမ်သို့ပြန် လွှတ်လိုက်သည်။ အိမ်သို့ပြန်ရောက်လာပြီသတင်းကိုကြားသည်နှင့် အသင်းတော်မှ Sr. Pastor Rev. Ang နှင့် အတွင်းရေးမှူး တို့ အိမ်သို့ရောက်လာပြီး ကျွန်တော့်ညီကို တရားဒေသနာဟော ကြား၍ ဆုတောင်းပေးသည်။ ဘုရားသခင်လမ်းပြပို့ဆောင်ပေးတဲ့အတွက် ဆရာဝန်က အိမ်တိုင် ရာရောက် Therapists များကို လွှတ်ပြီး ဆက်လက်၍ ကုသမှုကို ခံယူရရှိသဖြင့် wheelchair မှတဆင့် walker, walker မှတဆင့် တုတ်ကောက်၊ တုတ်ကောက်နဲ့လျှောက်နေရာမှ ယခုတွင် ဘာအကူအညီမျှမလိုတော့ဘဲ သာမန်လူကဲ့သို့ ယခင်အတိုင်းပြန်လည်လျှောက်လှမ်းနိုင်တဲ့အပြင် အချိန်ပြည့်အလုပ်ခွင်သို့ ပြန်ဆင်းနေပါပြီ။ ထို့ကြောင့် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို မချီးမွမ်းဘဲ မနေနိုင်ပါ။

ကျွန်တော်အခုဖြစ်ရပ်ကို ဘယ်လိုမြင်သလဲဆိုရင်၊ ကျွန်တော်တို့ BCF၏ဆရာ၊ ဆရာမ အားလုံး တစ်ယောက်မျှမကျန်၊ ညီအစ်ကိုမောင်နှမတွေနဲ့ပေါင်းပြီး အထပ်ထပ် အတားအဆီးများ ကာဆီးထားတဲ့အပြင် ၊ ဝင်ဖို့ခက်ခဲတဲ့ ဆေးရုံ၏ခေါင်မိုးကို သူတို့ရဲ့လက်ကိုင်ဖုန်းလိုင်း အသီးသီး အားဖြင့် ဖောက်ထွင်းကျော်လွန်ပြီး အထဲမှာဆေးကုသခံယူနေတဲ့ကျွန်တော့်ညီကို မခြားမလတ် ဝိုင်းဝန်း ဆုတောင်းပေးခြင်းအားဖြင့် စေတနာ့ဝန်ထမ်း အကျိုးဆောင်ကာ သခင်ခရစ်တော်ဆီကို ကိုယ်ရောစိတ်ပါ ဆေးကုသဖို့ ပို့လိုက်တာနဲ့အတူတူဘဲဖြစ်တယ်။

ယေရှုခရစ်တော်ဟာ ဆရာဝန်၊ ဆရာမများနဲ့ Therapist များအားဖြင့် ကျွန်တော့်ညီကို ပြန်လည်ကျန်းမာလာအောင် ကုသပေးသည်။ ကျွန်တော့်မျက်စိရှေ့မှာပင် ကျွန်တော့်ညီ ပြန်လည် ကျန်းမာလာသည်သာမက အချိန်ပြည့် ပြန်လည်အလုပ်ဆင်းနေပြီ ဖြစ်သည်။

ဤအခြေအနေကို မျက်ဝါးထင်ထင်မြင်လိုက်သောကျွန်တော်မှာ မာကု၊ ၂း၃–၅၊ ၁၁–၁၂၊ မှာဖေါ်ပြထားတဲ့ လူ ၄ ယောက် ခြေလက်သေနေသူတယောက်ကို ထမ်း၍ အိမ်ခေါင်မိုးကိုဖောက် ထွင်းပြီး လူနာနှင့်တကွ အိပ်ရာခုတင်ကို ယေရှုခရစ်တော်ထံသို့ မရောက်ရောက်အောင် လျှော့ချ ပို့ဆောင်တဲ့အတွက်ကြောင့် ခရစ်တော်ကုသပေးလိုက်သော ဖြစ်ရပ်ကို သတိရစေပါသည်။

ဤဖြစ်ရပ်သည် ဒဏ္ဍာရီပုံပြင် မဟုတ်ပါ။ သမ္မာကျမ်းစာထဲ၌ တယောက်တည်းလူနာကို သယ်မချီယူပြီး ခရစ်တော်ထံသို့ပို့သည်ထက် လူများစုပေါင်း၍ ဝိုင်းဝိုင်းဝန်းဝန်း စည်းစည်းလုံးလုံး ထမ်းပို့တာက သာ၍ထိရောက်ကြောင်းကို ပြသခြင်းပင်ဖြစ်သည်။

ဘာဖြစ်လို့လဲဆိုတော့ စည်းလုံးခြင်းသည် အင်အားမဟုတ်ပါလား။

တစ်ယောက်အားနှင့်မတတ်စွမ်းနိုင်လည်း အများအားဖြင့်တတ်စွမ်းနိုင်၏။

ဆုတောင်းခြင်းလည်း ဤသဘောတရား အတိုင်းပါဘဲ။

တစ်ယောက်တည်းထက် အားလုံး စုပေါင်း၍ ဘုရားသခင်ထံ မခြားမလပ် ဆုတောင်းပြီး ဆက်ကပ်အပ်နှံကာ ထမ်းဆောင်ပို့ခြင်းက သာ၍အကျိုးသက်ရောက်စေပါတယ်လို့ ပြောရင်မမှား ပါဘူး။

သက်သာလောနိတ်ဩဝါဒစာ ပဌမစာစောင် ၅း၁၇–၁၈ တွင်ပါသည့်အတိုင်း၊

မခြားမလပ် ဆုတောင်းပဌနာ ပြုကြလော့။ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်တော်၌ ဘုရားသခင်
အလိုတော် ရှိ၏။”

မခြားမလတ်ဆုတောင်းခြင်း အားဖြင့် အကူအညီလိုနေသောသူများကို ယေရှုခရစ်တော် ထံအရောက်ပို့ဆောင်ပြီး အခမဲ့စေတနာ့ဝန်ထမ်းပေးခြင်းသည် အလွန့်အလွန် ထိရောက်ပါတယ် ဆိုတာကို ဝေငှသက်သေခံခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မခြားမလပ် ဆုတောင်း ပဌနာ ပြုခြင်းဖြင့် အကျိုးဆောင်ကြပါစို့။ ဆုတောင်းခြင်းဖြင့်ပါဝင်သူ အယောက်တိုင်းကို အထူးကျေးဇူးတင်ပါသည်။

# O Holy Night _ အိုသန့်ရှင်းည

## ဓမ္မသီချင်း၏နောက်ခံသမိုင်း

ဤဂန္တဝင်ဓမ္မတေးသီချင်းကို ရေးသားစပ်ဆိုသူ Adolphe Adam သည် ဂျူးလူမျိုးဖြစ်ပြီး၊ Paris Conservatoire တေးဂီတနှင့်အကသင်တန်းကျောင်း၏ ပါမောက္ခဖြစ်သည်။ Adam သည် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌မွေးဖွားပြီး ဂီတပညာပါရမီရှိသူဖြစ်၍ ကျောင်းပြီးသောအခါ Opera ဇာတ်၊ Ballet ဘဲလေး နှင့် အခြားတေးဂီတ အပုဒ်ပေါင်း ၅၀ ကျော်ကို ရေးသားခဲ့သည်။

မူရင်းပြင်သစ်စာသားကို ကဗျာဆရာ Placide Cappeau (1808 – 1877) ရေးသားသည်။ ပြင်သစ်၌ ဘွားမြင်၍ ရှစ်နှစ်အရွယ်တွင် သူငယ်ချင်း Brignon နှင့် ပစ်ထားသောသေနတ်တစ်လက်ကိုကစားရင်း အမှတ်မထင် မတော်တဆသေနတ်ခလုတ်ကို ဆွဲဖြုတ်မိသဖြင့် Cappeau ၏လက် ဒါဏ်ရာရသွားသည်။ ဒါဏ်ရာပြင်းထန်သဖြင့် လက်ဖြတ်ခံရသော်လည်း Brignon ဖခင်၏ငွေကြေးရေး ထောက်ပံ့မှုဖြင့် စာပေနှင့်ဆိုင်သောဘွဲ့ကို ရရှိခဲ့သည်။ ၁၈၄၇ ခုနှစ်၊ မြို့ငယ်တစ်ခု၌ Wine အရက်နှင့် သက်ဆိုင်သောကော်မရှင်လူကြီး အဖြစ် တာဝန်ထမ်းဆောင်စဉ် အသင်းတော်တပါး၏ ခရစ်ယာန်ဘုန်းကြီးတစ်ပါးမှ မွေးနေ့တော်ဝတ်ပြုစည်းဝေးပွဲ အတွက် ကဗျာတစ်ပုဒ်ကို ရေးပေးပါရန် မေတ္တာရပ်ခံချက် တခုကိုရလိုက်သဖြင့် သူအလွန်အံ့အားသင့်သွားသည်။

အကြောင်းမှာ ကဗျာလောက၌ နံမည်ရှိသော်လည်း သူသည် ဘာသာရေးကို ယုံကြည်ကိုင်းရှိုင်းသူ မဟုတ်။ အသင်းတော်၏ ဝတ်ပြုခြင်းစည်းဝေးများကိုလည်း  မှန်မှန်တက်သူ မဟုတ်။ အသင်းတော်အတွက် သူ၏ကဗျာလက်စွမ်းလက်စကို အသုံးချရသည်ကို သူအလွန်ဂုဏ်ယူသဖြင့် လက်ခံလိုက်ပါသည်။ ပဲရစ်မြို့သို့သွားရန် ရထားစီးရင်း ခရစ်ဝင်ကျမ်းများကို အမှီပြု၍ ယေရှုခရစ်ဖွားမြင်သော သန့်ရှင်းသည့်ညဉ့်၌ ကောင်းကင်တမန်များနှင့်အတူ ကောင်းကင်ဗိုလ်ခြေ အများတို့ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကျူးသောဖြစ်ရပ် နှင့် ပေါ်ထွန်းသောကြယ်ကြီး၏နောက်သို့ လိုက်သွားခြင်း အားဖြင့် မာဂုပညာရှိများတို့ သူငယ်တော်ကို ရှာတွေ့ဖူးမြင်သည့် ဖြစ်ရပ် တို့ကို သူကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖူးမျှော်သည့်အတိုင်း စိတ်ကူးယဉ် ကြည့်သည်။ မှန်းဆ ကြည့်သည်။ တွေးမြင်ကြည့်သည်။ ထိုနောက်မှ ကဗျာကို ရေးလိုက်သည်။

ပဲရစ်မြို့သို့ ရောက်သွားသောအခါမှာ Minuit Chrétien (O Holy Night) ဟူသော ကဗျာကို ရေးပြီးသွားသည်။ သူရေးသောကဗျာကို သူကြိုက်နှစ်သက်သည်။ သူကိုယ်တိုင် ဘဝင်ခိုက်သွားသဖြင့် သူ့ရေးသားချက်ကို ကဗျာသာမက သီချင်းအဖြစ်သို့ သီကုံးစပ်ဆိုလိုသောဆန္ဒ ပေါ်လာသည်။ ထို့ကြောင့် သူငယ်ချင်းဖြစ်သော သီချင်းစပ်ဆိုသူ ဂျူးလူမျိုး ပါမောက္ခ Adolphe Adam ထံသို့အကူအညီတောင်းသည်။ ဂျူးလူမျိုးပီပီ Adam သည် မွေးနေ့တော်ကို လေးနက်စွာ ဂရုတစိုက် အလေးထားသူ မဟုတ်။ ယေရှုခရစ်တော်ကိုလည်း ဘုရားသားတော် အဖြစ် ယုံကြည်သူမဟုတ်။ သို့သော်လည်း ဤကဗျာစာသားသည် အခြားမြို့များမှရရှိသော တောင်းဆိုချက်များနှင့်မတူ။ တမူထူးခြားသဖြင့် ဤစိန်ခေါ်ချက်ကို Adam လက်ခံလိုက်ပြီး၊ ကဗျာစာသားနှင့် အလွန်ကိုက်ညီသော O Holy Night ဓမ္မသီချင်းကို Cappeau နှင့် တေးကဗျာစပ်ဆိုပေးရန် တောင်းဆိုထားသော ခရစ်ယာန်ဘုန်းကြီးတို့ နှစ်ဦးစလုံး ကြိုက်နှစ်သက်အောင် စပ်ဆိုပေးနိုင်ခဲ့ပါသည်။

(၃)ပါတ် ကြာပြီးနောက်၊ မွေးနေ့တော်အကြိုနေ့တွင် ပြုလုပ်သော ဝတ်ပြုစည်းဝေးပွဲ၌ ဤဓမ္မသီချင်းကို စတင်သီဆိုခြင်းမှသည် မွေးနေ့တော်သီချင်းအဖြစ် ပြင်သစ်တနိုင်ငံလုံးသို့ ပျံ့နှံ့သွားသည်။ လူကြိုက်များ၍ အစပိုင်း၌ ပြင်သစ်အသင်းတော်က လက်ခံသော်လည်း နောက်ပိုင်းတွင် Cappeau ဆိုရှယ်လစ်လှုပ်ရှားမှုတွင် ပါဝင်သော ဖြစ်ရပ် နှင့် တေးဂီတစပ်ဆိုသူ Adolphe Adam ဂျူးလူမျိုးတစ်ဦးဖြစ်သော ဖြစ်ရပ်မှန် တို့ကို သိလာသောအခါ ပြင်သစ်အသင်းတော်သည် ဤ O Holy Night ဓမ္မသီချင်းကို လူသိရှင်ကြားရှုတ်ချလာသည်။ ဤဓမ္မသီချင်းကို မေ့ပျောက်ပစ်ရန် ပြင်သစ်အသင်းတော်က မြှုပ်နှံသင်းဂြိုလ် တားဆီးပိတ်ပင် လိုက်ပါသော်လည်း ပြင်သစ်လူထုက ဤဓမ္မသီချင်းကို နှစ်ခြိုက်စွာ ဆက်လက်သီဆိုနေကြသည်။

၁၀ နှစ်ကြာပြီးနောက်၊ ဤဓမ္မသီချင်းကို အကြိုက်တွေ့သွားသော အမေရိကန်နိုင်ငံမှ အမှုတော်ဆောင် ဆရာတပါးဖြစ်သည့် John Sullivan Dwight က အင်္ဂလိပ်လို ဘာသာပြန်ပေးသည်။ အမေရိကန်နိုင်ငံ၏ ကျွန်ပိုင်ရှင်စနစ်ကို ဖျက်သိမ်းဖယ်ရှားလိုသော လှုပ်ရှားမှု၌ ပါဝင်သော ဆရာ Dwight သည် ဤအံ့ဘွယ်ကောင်းသော မွေးနေ့တော်ဓမ္မသီချင်း၏ တတိယအပိုဒ်ကို ရင်ထဲစွဲအောင် ကြိုက်နှစ်သက်သည်။ ဤတတိယအပိုဒ်၌ ပါဝင်သောအရေးအသားသည် ဆရာ Dwight ၏ ကျွန်များလွတ်မြောက်ရေးရှုထောင့်နှင့် အလွန်ကိုက်ညီသည်။ ဤဘာသာပြန်ဓမ္မသီချင်းကို အမေရိကန်တနိုင်ငံလုံးက လက်ခံလာကြသည်။ သဘောကျကြသည်။ အထူးသဖြင့် ကျွန်ပိုင်ရှင်စံနစ်ကြောင့်ဖြစ်သော အမေရိကန်ပြည်တွင်းစစ် အချိန်ကာလအတွင်း ဤစံနစ်ကိုဆန့်ကျင်ဖြုတ်ချလိုသော အမေရိကန်မြောက်ပိုင်း၌ ဤဓမ္မသီချင်းသည် ပို၍ ရေပန်းစားသည်။

ပြင်သစ်နိုင်ငံ၌ အသင်းတော်က ဤဓမ္မသီချင်းကို နှစ် ၂၀ နီးပါး တားမြစ်ပိတ်ပင်ထားသော်လည်း သာမာန်ပြည်သူလူထုသည် ဗိုလ်နေမြဲ၊ ကျားနေမြဲ၊ ဤသီချင်းကို ဆက်လက် သီဆိုကြသည်။ ၁၈၇၁ ခုနှစ်၊ ခရစ္စမတ်အကြိုနေ့ Franco-Prussian War စစ်ပွဲကြီးတွင် ဤသီချင်းနှင့်ပတ်သက်၍ ဒဏ္ဍာရီပုံပြင်ကဲသို့သောဖြစ်ရပ်တခု ဖြစ်ပွားသွားသည် ဟုပြောကြသည်။ ဂျာမာန်စစ်တပ်နှင့်ပြင်သစ်စစ်တပ်တို့ ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နွှဲနေချိန်မှာ ပြင်သစ်စစ်သားတစ်ယောက် ကတုတ်ကျင်းတစ်ခုမှ ရုတ်တရက်ခုန်ထွက်လာသည်။ မည်သည့်လက်နက်မှ ကိုင်ဆောင်မထားဘဲ ရဲရဲဝံ့ဝံ့မားမားမတ်မတ် ထရပ်လိုက်သော ဤစစ်သားကို နှစ်ဘက်စလုံး အံ့သြလွန်း၍ ကြောင်ပြီး ကြည့်ကြသည်။ ထိုစစ်သားသည် ကောင်းကင်ကို မျှော်ကြည့်လျှက် O Holy Night သီချင်းကို အစမှ အဆုံးတိုင်အောင် ၃ ပိုဒ်လုံးလုံး ဆိုလိုက်သည်။ ဆိုလိုက်သောသီချင်းစာသား နှင့် သီချင်းသံသည် နှစ်ဖက်စလုံးမှ စစ်တိုက်နေရသဖြင့် ပူပန်သောက တုန်လှုပ်ခြောက်ခြား ခြေကုန်လက်ပန်းကျနေပြီ ဖြစ်သောစစ်သားများ၏ စိတ်နှလုံးကို ခိုက်သွားအောင်တို့ထိသဖြင့် ဂျာမာန်ခြေလျင်တပ်မှစစ်သားတဦးက မနေနိုင်တော့ဘဲ ပုန်းအောင်းရာမှထွက်လာကာ Martin Luther ရေးသားစပ်သီဆိုခဲ့သော From Heaven Above to Earth I Come ဓမ္မသီချင်းကို အားရပါးရကျယ်လှောင်စွာပြန်ဆိုလိုက်ရာမှ ခရစ္စမတ်မွေးနေ့တော် အထိမ်းအမှတ်ကို လိုက်နာစောင့်ထိန်း အောက်မေ့သောအနေဖြင့် သဲသဲမဲမဲ တိုက်ခိုက်နေသောစစ်ပွဲကို ၂၄ နာရီ ကြာအောင် ရပ်စဲသော ငြိမ်းချမ်းရေးသဘောတူညီမှုကို ရရှိခဲ့သည်။ ဤဖြစ်ရပ်ကြောင့် ပြင်သစ်အသင်းတော်သည် ဤ O Holy Night ဓမ္မသီချင်းကို ပြန်လည်လက်ခံလာခဲ့သည်။

ထိုမှတဖန် ၁၉၀၆ ခုနှစ် ခရစ္စမတ်အကြိုနေ့တွင် တည်ထွင်သူလည်းဖြစ် တက္ကသိုလ်၏ ပါမောက္ခလည်း ဖြစ်သူ Reginald Fessenden သည် သူပါဝင်တည်ထွင်သော ရေဒီယို အသံလွှင့်

စက်ကိုသုံး၍ လေလှိုင်း၌ လူ့သမိုင်းတွင်ပထမဦးဆုံး ‘လုကာ၊၂ း ၁၄’ကျမ်းချက်ကို ရေဒီယိုမှအသံလွှင့်သည့်အပြင် သူကိုယ်တိုင်သယောဖြင့် O Holy Night ခမ္မသီချင်းကို အသံလွှင့်သွားသည်ဟု မှတ်တမ်းများအရသိရှိရသည်။ အမည်မသိ ခရစ်ယာန်ဘုန်းကြီးတစ်ပါး၏ မေတ္တာရပ်ခံချက်ကြောင့် ဆိုရှယ်လစ် ကဗျာဆရာတစ်ယောက် နှင့် ယုံကြည်သူမဟုတ်သော ဂျူးလူမျိုး ပါမောက္ခတစ်ဦးတို့ ပူးပေါင်းစပ်ဆို ရေးသားလိုက်သော ဤသီချင်းသည် ပန်းသတင်း လေညှင်းဆောင်၊ လူ့သတင်း လူချင်းဆောင် ဆိုသလို အသင်းတော်များ၌သာမက အပြင်လောကသို့လည်း ပျံ့နှံ့သွားခဲ့လေသည်။ အိုသန့်ရှင်းည ခရစ္စမတ်မှာ မွေးဘွားလာသော သူငယ်တော်ယေရှုသည် ဤလောကသားများကို အပြစ်မှကယ်တင်ဖို့၊ အကွယ်အကာပေးဖို့၊ ငြိမ်သက်ခြင်းပေးဖို့၊ ကျွန်ဘဝမှကယ်တင်ခြင်းပေးဖို့ရန် မွေးဘွားလာသည်ဆိုသော သတင်းကောင်းကို ဤခမ္မတေးသီချင်းက ဖော်ညွှန်းပြထားပါသည်။ ဟာလေလုယာ … အာမင်။

## O Holy Night Lyrics

**(1847, Adolphe Adam)**

1. *O Holy night! The stars are brightly shining*
   *It is the night of our dear Savior's birth*
   *Long lay the world in sin and error pining*
   *'Til He appears and the soul felt its worth*
   *A thrill of hope the weary world rejoices*
   *For yonder breaks a new and glorious morn*
   *Fall on your knees; O hear the Angel voices!*
   *O night divine, O night when Christ was born*
   *O night, O Holy night, O night divine!*

2. *Led by the light of Faith serenely beaming*
   *With glowing hearts by His cradle we stand*
   *So led by light of a star sweetly gleaming*
   *Here come the Wise Men from Orient land*
   *The King of kings lay thus in lowly manger*
   *In all our trials born to be our friend*
   *He knows our need, to our weakness is no stranger*
   *Behold your King; before Him lowly bend*
   *Behold your King; before Him lowly bend.*

3. *Truly He taught us to love one another;*
   *His law is love and His Gospel is Peace*
   *Chains shall He break, for the slave is our brother*
   *And in His name, all oppression shall cease*
   *Sweet hymns of joy in grateful chorus raise we*
   *Let all within us Praise His Holy name*
   *Christ is the Lord; O praise His name forever!*
   *His power and glory evermore proclaim*
   *His power and glory evermore proclaim.*

_ John Ma_




